# ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် နွေရာသီအခြေခံရေကူးသင်တန်းများဖွင့်လှစ်မည်

ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နွေရာသီအခြေခံရေကူးသင်တန်းများအား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိ Sports Complex အတွင်းရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် သင်တန်းအမှတ်စဉ် ( ၁/၂၀၂၆ )နှင့်( ၂ /၂၀၂၆ ) တို့အား သင်တန်းအမှတ်စဉ် (၁)ခုလျှင် သင်တန်းချိန် (၂)ချိန်ဖြင့် သင်တန်းသား(၂၀၀)ဦး၊ သင်တန်းကာလ(၄)ပတ်၊ တစ်ပတ်လျှင် (၅) ရက်ဖြင့် နံနက်ပိုင်းအချိန်များတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမှတ်စဉ်၁/၂၀၂၆ အား ၃- ၃-၂၀၂၆ ရက်မှ ၂၆- ၃ -၂၀၂၆ ရက်အထိလည်းကောင်း၊ သင်တန်းအမှတ်စဉ် ၂/၂၀၂၆ အား ၄- ၅-၂၀၂၆ ရက်မှ ၂၉ - ၅-၂၀၂၆ ရက်အထိလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းအား အတွေ့အကြုံရှိ ကျွမ်းကျင်နည်းပြများဖြင့် စနစ်တကျ သင်ကြားပေးသွားမည် ဖြစ်ပါသည်။

သင်တန်းကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ်( ၇၀,၀၀၀/-)နှုန်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုပါက အနိမ့်ဆုံး အသက် (၉) နှစ်နှင့် အရပ် (၄ပေ၆လက်မ)ရှိရမည် ဖြစ်ပြီး သင်တန်းသားတစ်ဦးလျှင် ဝင်ခွင့်လျှောက်လွှာပုံစံ၊ ဓာတ်ပုံ(၁)ပုံ၊ ဓာတ်ပုံပါ Soft Copy CD ( ၁) ချပ် နှင့်အတူ ၁၈-၂-၂၀၂၆ ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဝဏ္ဏသိဒ္ဓိရေကူးကန် ဖုန်း-၀၉-၄၁၁၆၄၂၁၅၇၊ ၀၉-၄၄၀၆၃၉၁၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်၊

"အရေးကြုံက
သက်လုံလည်းကောင်း
အညောင်းလည်းပြေ
ကိုယ်ဟန်လည်းလှ ရေကူးကြ"